# ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ

# DANU NATIONAL DEMOCRACY PARTY



(ပါတီအလံ)

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ( ၁၇ )ရက်

၁၃၇၄ ခုနှစ်၊ နှစ်ဆန်း(၁)ရက်

# နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီမှစ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ နေထိုင်ခဲ့ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထိုသို့နေထိုင်ခဲ့ကြရာတွင် တူညီသော ဓလေ့ထုံးတမ်းများ ရှိကြသကဲ့သို့ မတူကွဲပြားသော ယဉ်ကျေးမှု ဓလေ့စရိုက်များလည်း ရှိကြပါသည်။ မည်သို့သော ကွဲပြားခြားနားမှုများရှိလင့်ကစား သမိုင်းတစ်လျှောက်လုံး အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် အတူလက်တွဲ နေထိုင်ခဲ့ကြသည်မှာလည်း သမိုင်းသက်သေဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးနွယ်စု တစ်စု ဖြစ်သောဓနုတိုင်းရင်းသားများသည်လည်း သမိုင်းစာမျက်နှာတွင် အခြားလူမျိုးနွယ်စုများနှင့်မတူ တမူထူးခြားစွာရပ်တည်လာခဲ့သည့် လူမျိုးတစ်မျိုးဖြစ်ပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော သဘောထားကွဲလွဲမှုများကြောင့် ပြိုကွဲခဲ့ရသော အမျိုးသားညီညွတ်ရေး လက္ခဏာများသည် အနာဂတ်တိုင်အောင် ရှင်သန်နေဦးမည်ဆိုပါက နောင်လာနောင်သားတို့၏ သားစဉ်မြေးဆက်တိုင်အောင် ထိခိုက်နစ်နာနေကြဦးမည်ဖြစ်ပါသည်။ နိုင်ငံအနှံ့ တည်ငြိမ်အေးချမ်းပါမှ နိုင်ငံတော်အား ကမ္ဘာနှင့်ရင်ဘောင်တန်းနိုင်အောင် ကျိုးပမ်းနိုင်ကြမည်ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဒီမိုကရေစီစနစ်ဖြင့် ထူထောင်ရန်မှတစ်ပါးအခြား လမ်းကြောင်းများ မရှိနိုင်ဟုလည်း ယူဆကြပါသည်။ ဒီမိုကရေစီစနစ် ရှင်သန်မှသာလျှင် တိုင်းရင်းသာလူမျိုးများ၏ အခွင့်အရေးများအတွက်လည်း အာမခံချက် ရှိလာမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ယခုအချိန်ကာလသည် ပြည်ထောင်စုအတွင်း စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ် လိုအပ်နေသည့် ကာလဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအား ငြိမ်းချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင်လည်းကောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ကြီးအဖြစ်တည်ဆောက်ရာတွင်လည်းကောင်း၊ဓနုတိုင်းရင်းသားများအနေဖြင့် အခြား၊အခြားသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ လက်တွဲချီတက်ကြမည်ဟု သန္နိဋ္ဌာန် ချမှတ်ထားရှိကြပါသည်။

အထက်ပါယုံကြည်မျှော်လင့်ချက်များကြောင့် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (ဓတဒတ) **Danu National Democracy Party (DNDP)**ကို ပူးတွဲဖော်ပြပါ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ် ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းတည်ထောင်လိုကြခြင်း ဖြစ်ပါသည်။

# ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ
# တည်ဆောက်ရေးကာလ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

## အခန်း(၁)
## ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်

### ရည်ရွယ်ချက်

၁။ နိုင်ငံတော်အခြေခံမူတစ်ရပ်ဖြစ်သော စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးမူအရ ခနုဒေသအတွင်းနေ တိုင်းရင်းသားပြည်သူများအတွင်း ဒီမိုကရေစီကျင့်စဉ်များ ပေါက်ဖွားရှင်သန်လာစေရန်၊

၂။ နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူညီမျှရရှိစေရေး၊ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံမှုရရှိစေရေး၊ တရားဥပဒေ စိုးမိုးစေရေးတို့အတွက်ခနုနယ်မြေဒေသအတွင်း နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး စည်းရုံးရေးလုပ်ငန်းတို့ဆောင်ရွက်ရန်၊

၃။ တစ်မျိုးသားလုံးနှင့် ခနုဒေသအတွင်း လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ပုဂ္ဂလိက လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ အထူးသဖြင့် ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော ခနုဒေသ၏လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။

၄။ " ခနုဒေသ " ရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများအား စောင့်ရှောက်ထိန်းသိမ်းရန်နှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရန်၊

၅။ နိုင်ငံတော်နှင့် " ခနုဒေသ " နယ်မြေဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများနှင့် နိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ မိမိတို့နှင့်ကိုက်ညီမည့် အကျိုးရှိစေမည့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်များနှင့် နည်းပညာအကူအညီများရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

### လုပ်ငန်းစဉ်များ

၆။ " ခနုဒေသ "အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအား လုံးနိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်များရှိလာကြစေရန်နှင့် မိမိတို့ ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၏ ဂုဏ်သိက္ခာအစဉ်အမြဲရှင်သန်၊ တိုးတက်မြင့်မားလာစေရန် အတွက် အစဉ်စည်းရုံးလေ့ကျင့် ပျိုးထောင်သွားမည်။

၇။ လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒကို လက်ခံပြီး နိုင်ငံတကာနှင့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒငါးချက်အားလည်းကောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်းအားလည်းကောင်း လေးစားလိုက်နာ၊ လက်ခံကျင့်သုံးသွားမည်။

၈။ တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေး၊ နယ်မြေဒေသတိုးတက်ရေးနှင့် စည်းကမ်းရှိသောဒီမိုကရေစီကျင့်စဉ်နှင့်အညီ လူသားအားလုံး တရားဥပဒေဘောင်အတွင်း မှန်ကန်စွာဖြေရှင်းအဖြေရှာနိုင်ရေးအတွက် ပညာပေးခြင်း၊ စည်းရုံးသိမ်းသွင်းခြင်းနှင့် လမ်းညွှန်ဦးဆောင်မှုပေးခြင်းများ ဆောင်ရွက်မည်။

၉။ ပြည်တွင်းပြည်ပသို့တင်ပို့နိုင်သည့် ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ တူးဖော်ထုတ်လုပ်နိုင်သည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းစံနစ်၊ နည်းပညာများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်အသိပညာရှင်များ၊ အတတ်ပညာရှင်များ ကျွမ်းကျင်သူများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဆက်သွယ်ပူးပေါင်း ဆောင်ရွက်သွားမည်။

၁၀။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် “ ခနုဒေသ ”အတွင်း အရပ်ဒေသတစ်ခုနှင့်တစ်ခု သွားလာဆက်သွယ်ဖောက်ကားနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင်လုပ်ကိုင်ဆောင်ရွက်သွားမည်။

(ခ) ဆင်းရဲချမ်းသာမရွေး လူတိုင်းလုံလောက်သော ခေတ်မီနည်းစံနစ်ဖြင့် ဆေးကုသမှုခံယူရရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

(ဂ) လူတိုင်းပညာသင်ကြားနိုင်ခွင့် ရရှိနိုင်ရန်အတွက် ဆောင်ရွက်သွားမည်။

၁၁။ (က) “ခနုဒေသ”အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ မတိမ်ကော၊ မပျောက်ကွယ်စေရန်အတွက် အထူးဦးစားပေးဆောင်ရွက်မည်။ အခြေအနေပေးပါက ယဉ်ကျေးမှုအနုပညာများဖွံ့ဖြိုးတိုးတက်ရှင်သန်၊ ဆန်းသစ်လာစေရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည်။

(ခ) ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို ရှာဖွေစုဆောင်းပြီး “ခနုဒေသ”ယဉ်ကျေးမှုပြတိုက်တည်ဆောက်၍ ထိန်းသိမ်းစောင့်ရှောက်သွားမည်။

၁၂။ မိမိတို့ ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီနှင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့်အတွေးအခေါ်၊ အမြော်အမြင်ချင်း တူညီသောမည်သည့်နိုင်ငံရေးပါတီ၊ မည်သည့်အဖွဲ့အစည်းများနှင့်မဆို တန်းတူရည်တူ ရင်းနှီးစွာဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းဆောင်ရွက်ခြင်း၊ မဟာမိတ်ဖွဲ့ခြင်း ၊ ယှိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။

## အခန်း(၂)
## ပါတီ၏အခြေခံစည်းမျဉ်း

၁၃။ ပါတီတစ်ရပ်လုံး၏ အမြင့်ဆုံးမူဝါဒချမှတ်ပိုင်ခွင့်၊ စီမံခန့်ခွဲနိုင်ခွင့် စသည့် အခွင့်အာဏာအရပ်ရပ်သည် ပါတီညီလာခံ၌သာ ရှိရမည်။

၁၄။ ပါတီညီလာခံမှ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များနှင့်ပါတီလုပ်ငန်းစဉ်များကို စံနစ်တကျဦးဆောင် အကောင်အထည်ဖော်နိုင်ရန် ဗဟိုကော်မတီတစ်ရပ်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ တစ်ရပ်ဖွဲ့စည်းထား ရှိမည်။

၁၅။ ပါတီဗဟိုကော်မတီအပါအဝင်ပါတီကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်မည်။

၁၆။ ပါတီဗဟိုကော်မတီနှင့်ပါတီကော်မတီအဆင့်ဆင့်တွင် တာဝန်ပေးအပ်ရာတွင် ဒီမိုကရေစီကျင့်စဉ်နှင့် အညီလျှို့ဝှက်မဲစံနစ်ကို ကျင့်သုံးဆောင်ရွက်မည်။

၁၇။ ကော်မတီအဆင့်ဆင့်တွင်တာဝန်ပေးအပ်ထားသောပါတီဝင် တစ်ဦးဦးကိုဖြစ်စေ ပါတီဝင်များကိုဖြစ် ဖြစ်စေ အကြောင်းတစ်ရပ်ရပ်ကြောင့်တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ရန်အတွက်လိုအပ်သောလုပ်ထုံးလုပ် နည်းများရေးဆွဲပြဌာန်းထားရှိမည်။

## အခန်း(၃)
## ဖွဲ့စည်းပုံ

၁၈။ (က) ပါတီ၏အခြေခံဒေသအဖြစ် ရှမ်းပြည်နယ်အတွင်း ဓနုတိုင်းရင်းသားအများစုနေထိုင်သော ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ရွာငံမြို့နယ်များကို သတ်မှတ်သည်။ တည်ဆောက်ရေးကာလတွင် ပါတီဗဟိုဌါနချုပ်ကို ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ရွာငံမြို့တွင် ထားရှိမည်။

(ခ) ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကို အောက်ဖော်ပြပါ အတိုင်း သတ်မှတ်သည်။

၁။ ကျေးရွာအဆင့်ပါတီခွဲ

၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအဆင့်ပါတီခွဲ

၃။ မြို့နယ်အဆင့်ပါတီခွဲ

၄။ ဒေသအဆင့်ပါတီ၊ (ပါတီဗဟိုဌာနချုပ်)

၁၉။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို ကော်မတီဝင်ဦးရေ (၂၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး အောက် ဖော်ပြပါအတိုင်း တာဝန်ခွဲဝေထမ်းဆောင်ကြမည်ဖြစ်ပါသည်။

၁။ ဥက္ကဋ္ဌ

၂။ ဒုဥက္ကဋ္ဌ (၁)

၃။ ဒုဥက္ကဌ (၂)
၄။ အတွင်းရေးမှူး
၅။ တွဲဘက်အတွင်းရေးမှူး-၁
၆။ တွဲဘက်အတွင်းရေးမှူး-၂
၇။ ဘဏ္ဍာရေးမှူး
၈။ စာရင်းစစ် - ၁
၉။ စာရင်းစစ် - ၂
၁၀။ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် (၁၆)ဦး စုစုပေါင်း (၂၅)ဦး

**မှတ်ချက်။** က ။ မြို့နယ်အဆင့်ပါတီခွဲများမှ ကျေးရွာအဆင့်ပါတီခွဲများအထိ အဆင့်ဆင့်သောပါတီခွဲများ၏ ဖွဲ့စည်းပုံကို ပါတီတည်ဆောက်ရေးကာလတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သင့်လျော်သလို သတ်မှတ်တာဝန်ပေးသွားမည်။

ခ ။ ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်မှုဆောင်ကော်မတီအင်အားကို လိုအပ်သလိုတိုးချဲ့ဖွဲ့စည်းမည်။

ဂ ။ (အကြောင်းကြောင်းကြောင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်လစ်လပ်ခဲ့ပါက ချက်ချင်းဖြည့်စွက်တာဝန်ပေးသွားနိုင်ရေးအတွက်)အရန်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(၈)ဦးကို ရွေးချယ်တာဝန်ပေးဖွဲ့စည်းသွားပါမည်။

## အခန်း(၄)
## ပါတီတည်ထောင်သူများအဖွဲ့

၂၀။ ခနော်တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ အား စတင်တည်ထောင်ခဲ့သည့် ပါတီတည်ထောင်သူများအဖွဲ့သည် ပါတီတည်ဆောက်ရေးကာလတွင် ဗဟိုကော်မတီ၏ တာဝန်ကို ထမ်းဆောင်သောအမြင့်ဆုံးနိုင်ငံရေးအာဏာပိုင် အဖွဲ့ဖြစ်သည်။

(က) ဗဟိုကော်မတီတွင် ပါဝင်ခြင်းမရှိသေးသော ခနေဒေသအတွင်းရှိ ကျန်မြို့နယ်များမှ ပါတီဝင်အဖြစ်လျှောက်ထားလာပါက ပါတီဝင်အဖြစ်လျှောက်ထားသူများထဲမှ တစ်မြို့နယ်လျှင်သင့်တော်သည့်ပုဂ္ဂိုလ် (၅)ဦးစီအား ပါတီတည်ထောင်သူများအားလုံး၏ သဘောတူညီမှုဖြင့်ဗဟိုကော်မတီဝင်အဖြစ် ထပ်မံဖြည့်စွက်ထည့်သွင်းရမည်။

၂၁။ ပါတီတည်ထောင်သူများအဖွဲ့သည် ပါတီဗဟိုအလုပ်မှုဆောင်ကော်မတီကို ပါတီတည်ထောင်သူအချို့နှင့် သင့်လျော်သောပါတီဝင် အခြားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ထို့အတူ လိုအပ်လျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ယာယီတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်၊ ထို့အပြင် လိုအပ်လျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို တာဝန်မှ ရပ်ဆိုင်းနိုင်သည်။

၂၂။ က။ ပါတီတည်ထောင်သူများအဖွဲ့သည် ပါတီဗဟိုကော်မတီတာဝန်ကို ယူထားသည့်အားလျော်စွာပုံမှန်အစည်းအဝေးများကို (၆)လ တစ်ကြိမ်ပြုလုပ်ရမည်။

ခ။ ပါတီခေါင်းဆောင်သည် လိုအပ်လျှင် အရေးပေါ်အစည်းအဝေး၊ အထူးအစည်းအဝေးများကို ခေါ်ယူနိုင်သည်။ အရေးပေါ်အစည်းအဝေးခေါ်ယူမည်ဆိုပါက (၃)ရက်ကြိုတင်၍လည်း

ကောင်း၊ အထူးအစည်းအဝေးခေါ်ယူမည်ဆိုပါက (၇)ရက်ကြိုတင်၍လည်းကောင်း အဖွဲ့ဝင်များကို ဖိတ်ကြားရမည်။

၂၃။ ပါတီတည်ထောင်သူတစ်ဦးဦးကိုဖြစ်စေ၊ အစုအဖွဲ့တစ်ခုကိုဖြစ်စေ၊ ပါတီခွဲတစ်ခုခုကိုဖြစ်စေ၊ အရေးယူလိုပါက ပါတီတည်ထောင်သူများအားလုံး၏ သဘောတူညီချက်ကို ရယူရမည်။

## အခန်း(၅)

## ပါတီအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

### ပါတီဝင်ဖြစ်ခြင်း၊ အနားယူခြင်း၊ နုတ်ထွက်ခြင်း

၂၄။ (က) အသက် (၁၈)နှင့်ပြည့်ပြီးသူ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း ပါတီဝင်ဖြစ်ရန် အဆိုပြုနိုင်သည်။

(ခ) ပါတီဝင်တိုင်းသည် ဤပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါပြဋ္ဌာန်းချက်များနှင့် ပါတီဝင်များလိုက်နာရန် အခါအားလျော်စွာ ချမှတ်သောပြဋ္ဌာန်းချက်များနှင့် စည်းကမ်းများကို လိုက်နာရမည်။

(ဂ) ပါတီဝင်တိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀)ပါ နိုင်ငံရေးပါတီများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ-၆ ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း စောင့်ထိန်းလိုက်နာရမည်။

(ဃ) ပါတီကပေးအပ်သော တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(င) ပါတီဝင်ရန်အဆိုပြုသူသည် သတ်မှတ်ထားသော အဆိုပြုလွှာပုံစံတွင် လိုအပ်သည့်အချက်အလက်များကို ရေးသားဖြည့်စွက်၍ သက်ဆိုင်ရာကျေးရွာ၊ကျေးရွာအုပ်စု(သို့)ရပ်ကွက်ပါတီအဖွဲ့ခွဲများမှတဆင့် သက်ဆိုင်ရာမြို့နယ်ကော်မတီသို့ တင်သွင်းရမည်။

(စ) မြို့နယ်ကော်မတီသည် ပါတီဝင်ရန်တင်သွင်းလာသော အဆိုပြုလွှာများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုရမည်၊စိစစ်အသိအမှတ်ပြုပြီးသည့်စာရင်းကို သတ်မှတ်ပုံစံဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ လစဉ်ပေးပို့ရမည်။

(ဆ) ပါတီဝင်တစ်ဦး၏ သက်တမ်းကို မြို့နယ်ကော်မတီတွင် ပါတီဝင်အဆိုပြုလွှာ လက်ခံရရှိသည့်နေ့မှစ၍ ရေတွက်ရမည်။

(ဇ) ပါတီဝင်တစ်ဦးသည် မိမိသဘောဆန္ဒအရ နုတ်ထွက်လိုပါက အကျိုးအကြောင်း ခိုင်လုံစွာဖော်ပြ၍ မြို့နယ်ကော်မတီသို့ လျှောက်ထားတင်ပြရမည်။

(ဈ) မြို့နယ်ကော်မတီသည် ပါတီဝင်တစ်ဦး၏ နုတ်ထွက်လိုကြောင်းတင်ပြချက်ကို စိစစ်သုံးသပ်၍ လိုအပ်သလိုဆုံးဖြတ်ခွင့်ပြုနိုင်သည်၊ဆုံးဖြတ်ချက်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရမည်။

### ပါတီဝင်တစ်ဦးချင်းစီ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၂၅။ (က) ပါတီဝင်တိုင်းသည် နိုင်ငံသားတိုင်းက ထမ်းဆောင်ရန်ရှိသောတာဝန်များ၊ အခွန်အခများ၊ ဝတ္တရားများကို မပျက်မကွက်ထမ်းဆောင်ရန် တာဝန်ရှိသည်။

(ခ) ပါတီဝင်တိုင်းသည် အခြေခံကျေးရွာအဆင့်မှ ဗဟိုအဆင့်အထိကျင်းပပြုလုပ်သောပါတီတွင် ရွေးချယ်တင်မြှောက်ပွဲများတွင် ရွေးချယ်ပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။

(ဂ) ပါတီဝင်တိုင်းသည် မိမိယုံကြည်သော ဘာသာ၊ သာသနာကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်

(ဃ) ပါတီဝင်တိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများနှင့် မဆန့်ကျင်လျှင် နိုင်ငံသား၏ အခွင့်အရေးများ၊ ပါတီဝင်၏ အခွင့်အရေးများကို ရယူခံစားခွင့်ရှိသည်။

(င) ပါတီဝင်တိုင်းသည် ပြည်သူများ အကျိုးအတွက်လည်းကောင်း၊ ပါတီအကျိုးအတွက်လည်းကောင်း၊ ပါတီ၏မူဝါဒနှင့်စပ်လျဉ်း၍ ဝေဖန်သုံးသပ်ချက်များ၊ ကောင်းမွန်သောအကြံဉာဏ်များ၊ အဆိုပြုချက်များကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ပါတီခွဲများမှ တစ်ဆင့် ဗဟိုကော်မတီသို့ လွတ်လပ်စွာတင်ပြခွင့်ရှိသည်။

(စ) ပါတီဝင်တိုင်းသည် မိမိ၏နစ်နာချက်များ၊ မကျေနပ်ချက်များကို သက်ဆိုင်ရာမြို့နယ်ကော်မတီထံတင်ပြခွင့်ရှိသည်။ မြို့နယ်အဆင့်မှ အရေးယူဆောင်ရွက်ခြင်းမရှိလျှင် ဗဟိုကော်မတီ(ဗဟိုအဆင့်)သို့ တိုက်ရိုက်တင်ပြခွင့်ရှိသည်။ တိုက်ရိုက်တင်ပြချက်ကို မြို့နယ်အဆင့်သို့ အသိပေးရမည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီတာဝန်များ**

၂၆။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပါတီ၏နေ့စဉ်လုပ်ငန်းများကို ဦးစီးအကောင်အထည်ဖော်ရမည်။

(ခ) ပါတီ၏ နိုင်ငံရေးမူဝါဒသဘောထားများနှင့် လုပ်ငန်းစဉ်များ၊ ပါတီ၏အခြေခံစည်းမျဉ်းနှင့် ဖွဲ့စည်းပုံများကို ပြင်ဆင်ဖြည့်စွက်လိုပါက ပါတီ၏ဗဟိုကော်မတီတာဝန်ကို ရယူထားသော ပါတီတည်ထောင်သူများအဖွဲ့မျက်နှာစုံညီ အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ဂ) ဗဟိုအလုပ်မှုဆောင်ကော်မတီ အစည်းအဝေးများကို အနည်းဆုံးတစ်လတစ်ကြိမ် ပုံမှန်ကျင်းပရမည်။

**ဥက္ကဋ္ဌ၏တာဝန်များ**

၂၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဥက္ကဋ္ဌသည် ပါတီ၏ခေါင်းဆောင်ဖြစ်သည်။

(ခ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ လုပ်ငန်းများကို တာဝန်ယူခေါင်းဆောင်မှုပေးရမည်။

(ဂ) ပါတီစည်းမျဉ်း၊ ဖွဲ့စည်းပုံနှင့်ပါတီကချမှတ်ထားသော ဆုံးဖြတ်ချက်များကို ထိန်းသိမ်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) ပါတီဗဟိုကော်မတီနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ကို တာဝန်ခံရမည်။

**ဒုတိယဥက္ကဋ္ဌ (၁) ၏ တာဝန်များ**

၂၈။ ပါတီဒုတိယဥက္ကဋ္ဌ (၁)၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပါတီ၏ ဒု-ဥက္ကဋ္ဌ (၁)သည် ပါတီ၏ ဒုတိယခေါင်းဆောင်ဖြစ်သည်။

(ခ) ပါတီဥက္ကဋ္ဌမှ လုပ်ငန်းတာဝန်များ မထမ်းဆောင်နိုင်သည့်ကာလတွင် ပါတီဒု-ဥက္ကဋ္ဌ (၁)သည် ပါတီဥက္ကဋ္ဌ၏ တာဝန်များကို ထမ်းဆောင်ရမည်။

(ဂ) ပါတီဥက္ကဋ္ဌက ခွဲဝေသတ်မှတ်သော ဗဟိုလုပ်ငန်းများကို တာဝန်ယူရမည်။

**ဒုတိယဥက္ကဋ္ဌ (၂) ၏ တာဝန်များ**

၂၉။ ပါတီဒုတိယဥက္ကဋ္ဌ (၂)၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပါတီ၏ ဒု-ဥက္ကဋ္ဌ (၂)သည် ပါတီ၏ တတိယခေါင်းဆောင်ဖြစ်သည်။

(ခ) ပါတီဥက္ကဋ္ဌက ခွဲဝေသတ်မှတ်ပေးသော ဗဟိုလုပ်ငန်းများကို တာဝန်ယူရမည်။

**အတွင်းရေးမှူး၏ တာဝန်များ**

၃၀။ အတွင်းရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အတွင်းရေးမှူးသည် နေ့စဉ်လုပ်ငန်းများ ပုံမှန်လည်ပတ်စေရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်များကို ထုတ်ပြန်အကောင်အထည်ဖော်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့်ညှိနှိုင်းပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများကို ခေါ်ယူရမည်။

(ဃ) ဥက္ကဋ္ဌက ခွဲဝေသတ်မှတ်ပေးသော သီးခြားလုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်ရမည်။

(င) ပါတီပိုင်ပစ္စည်းများကို ထိန်းသိမ်းခြင်းနှင့်စာရင်းများ စံနစ်တကျပြုစုထားရှိခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။

**တွဲဘက်အတွင်းရေးမှူး၏တာဝန်များ**

၃၁။ ပါတီတွဲဘက်အတွင်းရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အတွင်းရေးမှူးက ခွဲဝေသတ်မှတ်ပေးသော တာဝန်များကို ဆောင်ရွက်ရမည်။

(ခ) အတွင်းရေးမှူးတာဝန် မထမ်းဆောင်နိုင်သောကာလများတွင် အတွင်းရေးမှူး၏တာဝန်များကို ထမ်းဆောင်ရမည်။

**ဘဏ္ဍာရေးမှူး၏ တာဝန်များ**

၃၂။ ပါတီဘဏ္ဍာရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဝင်ငွေ ထွက်ငွေစာရင်းများအတွက် လယ်ဂျာနှင့်ငွေစာရင်းစာအုပ်များကို အမြဲရေးသွင်းရမည်။

(ခ) ငွေလက်ခံခြင်း၊ ထုတ်ပေးခြင်းများကို ပြေစာစာအုပ်များဖြင့် အသုံးပြုဆောင်ရွက်ရမည်။

(ဂ) လစဉ်ငွေစာရင်းရှင်းတမ်းများထုတ်ပြန်ပြီး ရသုံးငွေအခြေအနေများကို ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေးသို့ မပျက်မကွက်တင်သွင်းရမည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ တာဝန်များ**

၃၃။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ပါတီ၏နိုင်ငံရေးလုပ်ငန်းများ၊ ဆုံးဖြတ်ချက်များ နှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကခွဲဝေအပ်နှင်းသောတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် အောက်ပါဗဟိုလုပ်ငန်းကော်မတီများနှင့် ဌာန များတွင် တစ်ဦးချင်းစီ ဦးဆောင်ပြီးသင့်လျော်သောပါတီဝင်များအားလုပ်ငန်းအဖွဲ့ဝင်များ အဖြစ် တာဝန်ပေးအပ်ရမည်။

(၁) တောင်သူလယ်သမားရေးရာကော်မတီ

(၂) အလုပ်သမားရေးရာကော်မတီ

(၃) အမျိုးသမီးနှင့်လူငယ်ရေးရာကော်မတီ

(၄) ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ

(၅) သတင်းပြန်ကြားရေးကော်မတီ

(ဂ) လိုအပ်ပါက အခြားဗဟိုလုပ်ငန်းအဖွဲ့များကို တိုးချဲ့ဖွဲ့စည်းသွားမည်။

## အခန်း(၆)

## ပါတီဝင်များ လိုက်နာရမည့်စည်းကမ်းများ

၃၄။ ခနောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၏ ပါတီဝင်တိုင်းသည် အောက်ပါစည်းကမ်းများကို လိုက်နာကြရမည်။

(က) ပါတီဖွဲ့စည်းပုံစည်းမျဉ်းတွင် ဖော်ပြထားသောရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ မူဝါဒလမ်းစဉ် များ၊ ဆုံးဖြတ်ချက်များနှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ပါတီအတွင်းဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ ကင်းရမည်။

(ဂ) ပါတီတွင်း အုပ်စုဖွဲ့ခြင်း၊ ဂိုဏ်းဂဏဖွဲ့ခြင်း၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခြင်းများကို လုံးဝရှောင် ကြဉ်ရမည်။

(ဃ) ပါတီဝင်တိုင်းသည် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်၊ ပါတီတစ်ခုခု၏ အသုံးချခံရခြင်း မဖြစ်စေရ။

(င) ပါတီလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့အစည်း၏ ဦးဆောင်မှုဖြင့်သာ ဆောင်ရွက်ရမည်။

(စ) အကျင့်စာရိတ္တပျက်ပြားမှုများ မရှိစေရန်စောင့်ထိန်းပြီး ပြည်သူလူထု၏ လေးစားယုံကြည်မှုရှိအောင် ပြုမူနေထိုင်ရမည်။

(ဆ) သတ်မှတ်ထားသောပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေးများကို ပေးဆောင်ရမည်။

၃၅။ ပါတီဝင်တိုင်း လိုက်နာရမည့်စည်းကမ်းများကို ပါတီတည်ဆောက်ရေးကာလတွင် ပါတီတည်ထောင်သူများအဖွဲ့က သတ်မှတ်မည်ဖြစ်ပြီး၊ ပါတီညီလာခံကျင်းပနိုင်သည့်အခါ ဒေသလုံးဆိုင်ရာညီလာခံက လိုအပ်သလိုပြင်ဆင်သတ်မှတ်သွားမည်။

## အခန်း(၇)
## ပါတီတည်ဆောက်ရေးကာလ တာဝန်ပေးအပ်ခြင်း

၃၆။ ပါတီတည်ဆောက်ရေးကာလတွင် ဒေသ၊ မြို့နယ်၊ ရပ်ကွက် (သို့) ကျေးရွာအုပ်စုနှင့်ကျေးရွာများအတွက် အဆင့်ဆင့်သောစည်းရုံးရေးမှူးများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက တာဝန်ပေးခန့်အပ်မည်။

အဆင့်ဆင့်သောစည်းရုံးရေးမှူးများသည် စည်းရုံးရေးအဖွဲ့ဝင်များကို ခန့်အပ်ရာတွင်ဗဟိုအလုပ်မှုဆောင်ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီသာ ခန့်အပ်တာဝန်ပေးရမည်။

၃၇။ စည်းရုံးရေးမှူးများသည် နယ်မြေစည်းရုံးရေးအခြေအနေအရ စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းရန်လိုအပ်လာပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်။

## အခန်း(၈)
## အရေးယူခြင်း

၃၈။ ပါတီဝင်တိုင်းသည် ပါတီမှချမှတ်ထားသောစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ခေါ်ယူဆွေးနွေးခြင်း၊ သတိပေးခြင်း၊ ပါတီတာဝန်မှ ရပ်ဆိုင်းခြင်း၊ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း စသည့်အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရာတွင် အဖွဲ့ဝင် (၃)ဦးပါသော ခုံအဖွဲ့ဖြင့် လိုအပ်သောစစ်ဆေးမှုများကို စံနစ်တကျပြုလုပ်ပြီး ခုံအဖွဲ့၏ သဘောထားထင်မြင်၊ တင်ပြချက်အရ ဗဟိုအလုပ်အမှုဆောင်ကော်မတီက အရေးယူပိုင်ခွင့် ရှိသည်။

၃၉။ အရေးယူအပြစ်ပေးခြင်း ခံရသူများသည် ပါတီဗဟိုကော်မတီတာဝန်ကိုယူထားသော ပါတီတည်ထောင်သူများ အဖွဲ့ထံသို့ အယူခံတင်သွင်းနိုင်သည်။ နောင်ဖြစ်ပေါ်လာမည့် ဒေသလုံးဆိုင်ရာပါတီညီလာခံသို့လည်း အယူခံတင်သွင်းခွင့်ရှိသည်။

## အခန်း(၉)

## ပါတီအမည်၊ ပါတီအလံ၊ ပါတီတံဆိပ်နှင့်ပါတီဌာနချုပ်တည်နေရာ

### ပါတီအမည်

၄၀။ ပါတီအမည်သည် အောက်ပါအတိုင်းဖြစ်သည်-

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ - အတိုကောက်အားဖြင့် (ဓတဒတ) အင်္ဂလိပ်ဘာသာဖြင့် **Danu National Democracy Party** အတိုကောက်အားဖြင့် ( **DNDP** ) ဖြစ်သည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက်

နိုင်ငံတော်နှင့် ဓနုဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များကိုဆောင်ရွက်ရာတွင် ဒီမိုကရေစီစံနစ်ကို အခြေခံ၍ ဆောင်ရွက်ခြင်းသည်သာလျှင် သဘာအကျဆုံး၊ အသင့်တော်ဆုံး၊ဖြစ်လိမ့်မည်ဟုယုံကြည်ယူဆသဖြင့် ဤအမည်ကို ရွေးချယ်၊သတ်မှတ်ရခြင်းဖြစ်ပါသည်။

### ပါတီအလံ

၄၁။ ပါတီအလံသည် အောက်ပါအတိုင်းဖြစ်သည်-



၁။ ပါတီအလံ၏စံပြုအရွယ်အစားသည် ထောင့်မှန်စတုဂံပုံဖြစ်ပြီး အလျား(၉')၊အနံ(၅')ဖြစ်သည်၊ အလံ၏အဓိကအရောင်သည် အနီရောင်ဖြစ်သည် (အနီရောင်၏အရည်အသွေးသတ်မှတ်ချက်အညွှန်းကိန်းသည် ပင်န်တုန်း ၁၇၈၈ပီစီ PANTONE 1788 PC ဖြစ်သည်)။

၂။ ပါတီအလံ၏ ထက်၊အောက်အလယ်တည့်တည့်တွင် ပါတီအလံ၏ အနံတစ်ဝက်နှင့် ညီမျှသောအဖြူရောင်အပိုင်းတစ်ပိုင်းပါရှိပြီး၊ ၎င်းအဖြူရောင်အပိုင်းအတွင်းတွင် ဓနုအိုးစည်ပုံပါရှိပါသည်။အဖြူရောင်အပိုင်းအား အရွယ်အစားတူ ရွှေဝါရောင်ကြယ်(၁၄)လုံးဝန်းရံပါရှိပါသည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ အနီရောင်သည် ရဲရင့်ခြင်းနှင့်ပြတ်သားခြင်းဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းပါသည်။

၂။ အဖြူရောင်(အပိုင်း)သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ဂရုဏာတရားပြည့်ဝခြင်း၊စွမ်းအင်နှင့်ပြည့်စုံခြင်းဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းပါသည်။

၃။ အိုးစည်ပုံသည် ဓနုအိုးစည်ပုံဖြစ်၍ ဓနုဒေသနှင့်ဓနုလူမျိုး၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာကို ဖော်ညွှန်းပါသည်။

၄။ ရွှေဝါရောင်သည် စည်းလုံးခြင်း၊ညီညွတ်ခြင်း၊ပျော်ရွှင်ခြင်း တိုင်းရင်းသားအားလုံးချစ်ခင်ရင်းနှီးခြင်း၊စည်းလုံးညီညွတ်မှုရှိခြင်း ဟူသော အဓိပ္ပါယ်ကိုဖော်ညွှန်းပါသည်။

၅။ အရွယ်အစားတူ ရွှေဝါရောင်ကြယ်(၁၄)လုံးသည် တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ်(၇)ခုကို ဖော်ညွှန်းပါသည်၊ အထူးသဖြင့် ပြည်ထောင်စုကို ဖော်ညွှန်းပါသည်။

၆။ အရွယ်အစားတူ ရွှေဝါရောင်ကြယ်(၁၄)လုံးအတွင်းမှ ဓနုအိုးစည်ပုံပါသော အဖြူရောင်အပိုင်းသည် ပြည်ထောင်စုထဲမှ ဓနုလူမျိုး၊ ဓနုဒေသကို ဖော်ညွှန်းပါသည်။

## အခန်း(၁၀)

### ပါတီရင်ထိုးတံဆိပ်

၄၂။ ပါတီတံဆိပ်သည် အောက်ပါအတိုင်းဖြစ်ပါသည်-

ဓနု
တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
Danu National Democracy Party

ပါတီတံဆိပ်၏အရွယ်အစားသည် အလျား(၂.၂")၊အနံ(၁")ဖြစ်ပြီး အနီရောင်နောက်ခံ အပေါ်ထပ်တွင် ဓနုအိုးစည်ပုံပါရှိသော အဖြူရောင်အဝိုင်းတစ်ဝိုင်းပါရှိပါသည်။ အဖြူရောင်အဝိုင်း၏ညာဘက်တွင် "ဓနု" စာလုံးပါရှိပါသည်။ "ဓနု" စာလုံးအောက်ဖက်တွင် "တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ" စာတမ်းပါရှိပြီး၊ ၎င်း၏အောက်ဖက်တွင် " Danu National Democracy Party " ဆိုသည့် အင်္ဂလိပ်စာတမ်းပါရှိပါသည်။

**အစီပွါယ်ဖွင့်ဆိုချက်**

နိုင်ငံတော်နှင့်နိုင်ငံသားများ - အထူးသဖြင့် ဓနုတိုင်းရင်းသားအများစု နေထိုင်ရာဒေသအတွင်း လူမှု၊စီးပွား၊ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဓနုလူမျိုးတစ်မျိုးတည်းသာမက ဒေသအတွင်းနေ ကျန်အခြားသောတိုင်းရင်းသားလူမျိုးများနှင့်လည်း အတူတကွလက်တွဲဆောင်ရွက်မှသာလျှင် အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

ဤသို့ဆောင်ရွက်ရာတွင်လည်း ဒီမိုကရေစီစနစ်ကို အခြေခံ၍ ဆောင်ရွက်ခြင်းသည်သာလျှင် သဘာဝအကျဆုံး၊ အသင့်တော်ဆုံးဖြစ်လိမ့်မည်ဟု ယုံကြည်ယူဆကြသဖြင့်"ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ" ဟူသောအမည်ကို ရွေးချယ်သတ်မှတ်ရခြင်းဖြစ်ပါသည်။

**အခန်း(၁၁)**

**ပါတီဗဟိုဌာနချုပ်**

၄၃။ ပါတီတည်ဆောက်ရေးကာလတွင် ပါတီဌာနချုပ်တည်နေရာလိပ်စာသည် အောက်ပါအတိုင်းဖြစ်သည်(ပါတီညီလာခံကျင်းပနိုင်သည့်အချိန်တွင် ပါတီညီလာခံကိုယ်စားလှယ်များ၏ ၇၅%သဘောတူညီမှုအရ ဗဟိုဌာနချုပ်ကို ပြောင်းရွှေ့လိုပါက ပြောင်းရွှေ့ဖွင့်လှစ်ဖြစ်မည်ဖြစ်ပါသည်)

**ပါတီဗဟိုဌာနချုပ်တည်နေရာလိပ်စာ**

ဒေါ်စန်းမြနေအိမ်
မြို့နယ်ဘောလုံးကွင်းအနောက်ဖက်၊
ပြည်သာယာလမ်း၊ဈေးတန်းရပ်ကွက်၊
ရွာငံမြို့။
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(ရှမ်းပြည်နယ်တောင်ပိုင်း)

**အခန်း(၁၂)**

**ပါတီဝင်ကြေး၊ လစဉ်ကြေးသတ်မှတ်ခြင်း**

၄၄။ ပါတီဝင်ကြေးနှင့်လစဉ်ကြေးများကို ဗဟိုကော်မတီက လိုအပ်သလိုသတ်မှတ်နိုင်သည်။

## အခန်း(၁၃)

## ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း

၄၅။ ပထမအကြိမ်ခနုဒေသလုံးဆိုင်ရာပါတီညီလာခံ ကျင်းပခြင်းမပြုလုပ်နိုင်မီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းများကို ပြင်ဆင်ရန် လိုအပ်လာပါက ပါတီတည်ထောင်သူများအဖွဲ့နှင့် ၄င်းက ဖွဲ့စည်းပေးထားသော ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့အနေဖြင့် လိုအပ်သလိုပြန်လည်ပြင်ဆင်ရေးဆွဲပိုင်ခွင့် ရှိသည်။ ယင်းပြင်ဆင်ချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြပြီး ကော်မရှင်၏ခွင့်ပြုချက်ရယူရမည်။

## အခန်း(၁၄)

## အထွေထွေ

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ **(Danu National Democracy Party)** သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်၊ ဝင့်ထည်စွာ ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ အနာဂတ်တွင် ပြည်ထောင်စုအတွင်း ဒီမိုကရေစီကျင့်စဉ်များ ပိုမိုထွန်းကားလာစေရေးအတွက်လည်းကောင်း၊ ဓနုဒေသအတွင်းရှိ တိုင်းရင်းသားများအားလုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာတည်ဆောက်ပြီး လူမှုစီးပွားရေးဘဝ နောက်ကျမကျန်ရစ်စေရန်အတွက်လည်းကောင်း ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တရားဝင်ရပ်တည်နေသောအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်အတူ စစ်မှန်သောမျိုးချစ်စိတ်ဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အပြုသဘောဖြင့် ပေးကမ်းလာသော အကြံကောင်း၊ ဉာဏ်ကောင်းများကိုလည်း ထာဝစဉ်လက်ကမ်းကြိုဆိုနေမည် ဖြစ်ပါသည်။

## ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၏
## မူဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်

### နိုင်ငံရေး

၁။ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်သော ဒီမိုကရေစီအစိုးရဖြစ်ပေါ်လာရန်အတွက်နိုင်ငံတော်အာဏာသည် ပြည်သူ့ထံမှ သက်ဆင်းစေရမည်။

၂။ နိုင်ငံတော်အာဏာကို ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများဖြင့် ရယူရာတွင် အရွယ်ရောက်သူတိုင်း ဆန္ဒမဲ ပေးနိုင်ခွင့်ရှိရမည့်အပြင် လျှို့ဝှက်မဲပေးစံနစ်၊ လွတ်လပ်သော မဲပေးစံနစ်များကိုကျင့်သုံးရမည်။

၃။ ပြည်သူ့ဆန္ဒအရ ရွေးချယ်တင်မြှောက်လိုက်သောလွှတ်တော်သည် အချုပ်အခြာအာဏာကို အကြွင်းမဲ့ကျင့်သုံးနိုင်ခွင့်ရှိစေရမည်။

၄။ ဒီမိုကရေစီစံနစ်နှင့် ညီညွတ်မှုမရှိသော ပြည်သူလူထုကို အကျိုးမပြုသည့်ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

၅။ အုပ်ချုပ်ရေးသည် ပြည်သူလူထုအား ဖိနှိပ်ချုပ်ချယ်သည့်ယန္တရားမဖြစ်စေဘဲ ပြည်သူလူထုအကျိုးစီးပွားကို ဖြည့်ဆည်းကာကွယ်ပေးသည့် စီမံခန့်ခွဲမှုမျိုး ဖြစ်စေရမည်။

၆။ နိုင်ငံရေးပါတီများသည် ပြည်သူလူထုနှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတို့နှင့် ပေါင်းကူးဆက်သွယ်ပေးသည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို အလေးထားစေရမည်။

၇။ နိုင်ငံသားတိုင်း လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာရေးသားဟောပြောခွင့် လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာအသက်မွေးဝမ်းကျောင်းပြုပိုင်ခွင့်များကို တရားဥပဒေနှင့်သော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ မဆန့်ကျင်လျှင် လွတ်လပ်စွာပြုမူဆောင်ရွက်နိုင်သော အခြေခံပိုင်ခွင့်များကို ရရှိစေရမည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်။

### တိုင်းရင်းသားလူမျိုးများအရေး

၁။ တိုင်းရင်းသားလူမျိုးအားလုံး၏ သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်သွားမည်။

၂။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တိုင်းရင်းသားအားလုံး နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေးနယ်ပယ်အသီးသီးတွင် (တန်းတူရည်တူ) လုပ်ပိုင်ခွင့်များရရှိစေရမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါဝင်သည့်တိုင်းဒေသကြီး၊ ပြည်နယ်စသည့်နိုင်ငံတော်အပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲထွက်ခြင်းမရှိစေရ။

၄။ တိုင်းရင်းသားလူမျိုးများအားလုံး၏ သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းသာယာရေးကို ဦးတည်ဆောင်ရွက်သွားမည်။

၅။ တိုင်းရင်းသာလူမျိုးတိုင်းသည် မိမိတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့်များ ရရှိစေရမည်။

**အမျိုးသားပြန်လည်သင့်မြတ်ရေး**

၁။ နှစ်ပေါင်း(၆၀)ကျော်တိုင်အောင် မပြီးဆုံးသေးသောပြည်တွင်းစစ်ကို ရပ်စဲစေပြီး၊ ပြည်တွင်းငြိမ်းချမ်းရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် မည်သည့်အဖွဲ့အစည်းနှင့်မဆို လက်တွဲဆောင်ရွက်သွားမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်ရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာလာစေရေးအတွက်လည်းကောင်း၊ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နှင့် အခြားလိုအပ်သောဥပဒေများ ပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

**နိုင်ငံခြားရေး**

၁။ လွတ်လပ်တက်ကြွပြီး၊ ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ထောက်ခံသည်။

၂။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေ့ရှုပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကို စောင့်ထိန်းလိုက်နာဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်မည်။

၃။ အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူရည်တူဆက်ဆံပြီး ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ရာတွင် နိုင်ငံတော်အားလိုအပ်သလို ပံ့ပိုးကူညီဆောင်ရွက်မည်။

၄။ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ပြန်လည်မြင့်မားလာစေရေးအတွက်မိမိကျရာအခန်းကဏ္ဍမှနေ၍ နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားမည်။

**စီးပွားရေး**

၁။ ဓနဒေသအတွင်း စီးပွားတိုးတက်မြင့်မားလာစေရန် ပြည်တွင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ချေးငွေနှင့်ထောက်ပံ့ငွေများကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဖွဲ့အစည်းကြီးများ၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ ဒေသဆိုင်ရာများနှင့် အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူရေး၊ ချစ်ကြည်ရေးမှုများဖြင့် ဆက်ဆံ၊ လက်ခံဆောင်ရွက်သွားမည်။

၂။ ဓနုဒေသအတွင်း အရင်းအနှီးဖူလုံစေရန် တိုင်းရင်းသားတို့၏ စုဆောင်းမှုမြင့်မာလာစေပြီး စုဆောင်းသမျှတိုးပွားမှုရှိစေရန်တစ်ဘက်တွင် စီးပွားရေးလုပ်ငန်းများအတွက် ချေးယူနိုင်သောရံပုံငွေများ ပေါ်များလာစေရန် ပြည်ထောင်စုအတွင်းရှိ ဘဏ်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်အကူအညီရယူပြီး ကျယ်ပြန့်နက်ရှိုင်းစွာ ဖော်ဆောင်သွားမည်။

၃။ ဓနုဒေသအတွင်း ပညာ၊ ဥစ္စာအရင်းအနှီး စသည့်ဝမ်းစာ၊ ချမ်းသာရှာဖွေရာတွင် လိုအပ်မှုရှိသူ အချင်းချင်း တန်းတူရည်တူ ပြိုင်ဆိုင်နိုင်စွမ်းရရှိရန် စံနစ်တကျ ထောက်ပံ့ကူညီသွားမည်။

၄။ ကျေးလက်နေပြည်သူတို့ဘဝ တိုးတက်မြင့်မားလာစေရေးအတွက် စီးပွားရေးအထောက်အကူပြု အစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု အစီအမံများဆောင်ရွက်သွားမည်။

၅။ နိုင်ငံတော်မှ ဆောင်ရွက်လျှက်ရှိသော “ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး” စီမံချက်များ ဓနုဒေသအတွင်း ရာနှုန်းပြည့်အောင်မြင်နိုင်စေရေးအတွက် နိုင်ငံတော်နှင့်အတူ လက်တွဲဆောင်ရွက်သွားမည်။

၆။ ဓနုဒေသအတွင်း ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဦးဆောင်သွားမည်။

**တောင်သူလယ်သမား**

၁။ တောင်သူလယ်သမားတိုင်း လယ်ယာမြေပိုင်ဆိုင်ခွင့်၊ အမွေပေးပိုင်ခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ ပေါင်နှံပိုင်ခွင့်၊ လွတ်လပ်စွာလုပ်ကိုင်စားသောက်နိုင်ခွင့်နှင့် လက်ဝယ်ထားရှိပိုင်ခွင့်များ ရရှိစေရမည်။

၂။ ကောက်ပဲသီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခြင်း၊ လွတ်လပ်စွာသိုလှောင်ခြင်း၊ လွတ်လပ်စွာကြိတ်ခွဲခြင်း၊ လွတ်လပ်စွာသယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ စသည့်လုပ်ပိုင်ခွင့်များ ရရှိစေရမည်။

၃။ နိုင်ငံခြားငွေ ပိုမိုရရှိစေမည့်သီးနှံများစိုက်ပျိုးရေးကို အားပေးသွားမည်။

၄။ လွှတ်တော်အတွင်း တောင်သူလယ်သမားများ၏ အခွင့်အရေးကိုကာကွယ်သည့် ဥပဒေ၊တောင်သူလယ်သမားများကိုအကျိုးပြုသည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် မိမိတို့ပါတီကိုယ်စားလှယ်များမှတဆင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီများထံ တင်ပြပြီးပူးပေါင်းဆောင်ရွက်သွားမည်။

၅။ တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်ရေးအတွက် တောင်သူလယ်သမားသမဂ္ဂများ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရရှိစေရမည်။

**အလုပ်သမား**

၁။ အလုပ်သမားများ၏လုပ်ငန်းခွင်ဘဝလုံခြုံရေး၊ သက်သာချောင်ချိရေး၊ သင့်လျော်သောလုပ်ခရရှိရေးနှင့် အငြိမ်းစားလစာရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ အလုပ်သမားများ၏ တရားမျှတသော အခွင့်အရေးများကို တရားဥပဒေဘောင်အတွင်းမှ အရေးဆိုပိုင်ခွင့်ရှိစေရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရရှိစေရမည်။

၃။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ဝါဏိဇ္ဇပဋိပက္ခဖြေရှင်းရေးကို ဥပဒေနှင့်အညီ ဖြစ်စေရမည်။

**ကျောင်းသားလူငယ်**

၁။ ကျောင်းသားလူငယ်များအတွက် နိုင်ငံတကာအဆင့်နှင့် ညီသောခေတ်မီပညာရပ်များ သင်ကြားနိုင်စေရန်အတွက် ကူညီဆောင်ရွက်မည်။

၂။ ကျောင်းသားလူငယ်များအတွင်း ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အတွက် ဦးစီးဦးဆောင်ပြုလုပ်မည်။

**လူမှုရေး**

၁။ သက်ကြီးရွယ်အို၊ အလုပ်လက်မဲ့၊ အမျိုးသမီး၊ စသည့်အကူအညီလိုအပ်သည့် တိုင်းရင်းသားများအား အခြားတိုင်းရင်းသားများနှင့် တန်းတူ၊ ရည်တူဖြစ်လာစေရန် စောင့်ရှောက်ကာကွယ် ရှေ့ဆောင်ပေးသွားမည်။

၂။ လူမှုဖူလုံရေးလုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကများက ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်။

**ယဉ်ကျေးမှု**

၁။ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးကို အစဉ်တစိုက်ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်သွားမည်။

၃။ ဓနုဒေသအတွင်းရှိ တိုင်းရင်းသားအသီးသီး၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်သွားမည်။

**သဘာဝပတ်ဝန်းကျင်ရေးရာ**

သစ်တောပြုန်းတီးခြင်း၊ မြေပြိုခြင်း၊ ချောင်း၊မြောင်းများတိမ်ကောလာခြင်း၊ရာသီဥတုဖောက်ပြန်လာခြင်း စသောသဘာဝဘေးအန္တရာယ်များကို လက်တွေ့ကျသောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး တားဆီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီရယူကာ ဒေသအတွင်း ကြိုးပမ်းဆောင်ရွက်သွားမည်။

**တရားစီရင်ရေး**

၁။ တရားစီရင်ရေးသည် အုပ်ချုပ်ရေးနှင့်သီးခြားကင်းလွတ်စေရမည်။

၂။ ဥပဒေရှေ့မှောက်တွင် အားလုံးအညီအမျှဖြစ်ရမည်။

၃။ တရားသူကြီးများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခွင့် ရှိစေရမည်၊ ပြင်ပစွက်ဖက်မှု မရှိစေရ။

၄။ ဥပဒေကန့်သတ်ချက်များမှအပ အများပြည်သူရှေ့မှောက်တွင် တရားစစ်ဆေးခြင်းနှင့်ဆုံးဖြတ်ခြင်း ဆောင်ရွက်စေရမည်၊ စွပ်စွဲခံရသူများအား တရားဥပဒေနှင့်အညီ ခုခံပိုင်ခွင့်နှင့် အယူခံပိုင်ခွင့်ရှိစေရမည်။

**အထွေထွေ**

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်စေရေးအတွက် ဓနုဒေသအတွင်း အဂတိလိုက်စားမှုများ၊ လာဘ်ယူမှုများ၊ အကျင့်ပျက်မှုများ၊ အာဏာအလွဲသုံးစားမှုများနှင့် လောင်းကစားမှုများကို ဒေသခံတိုင်းရင်းသားများ၏ လက်တွဲပူးပေါင်းပါဝင်မှုဖြင့် စံနစ်တကျဖော်ထုတ်တိုက်ဖျက်သွားမည်။